

# ရဲဘော် အောင်ပွဲ သိမ်းပိုက်နိုင်စေသော်

| | |
|---|---|
| မင်းကွန်းခေါင်းလောင်းကြီးလည်း ပြုတ်ကျပြီးပြီ | သင်ကြား တတ်မြောက် |
| ဘုရားတွေလည်း ပျားစွဲ | လူလားမြောက်ခဲ့ကြပြီလေ |
| ဖားတွေလည်း မြွေကို မျို | |
| စေတီတော်တွေ ပြို | ဒီတချို့ အဓိုက်မမိ ဖို့ |
| ငလျှင်တွေလှုပ် တော်တွေလဲ | အဖိုးအနဂ္ဃ ထိုက်တန်လှတဲ့ |
| အပျက်အစီးတွေက | ကြီးဂန်ရှင်ကြီးလို မေတ္တာစာ |
| ဘယ်ခေတ်နဲ့ မှ မတူတာ မှန်ပေမဲ့လည်း | စစ်ဘီလူးနဲ့ မတန်ပါ |
| ဘယ်မလဲ နအဖ | ခန္တီပါရမီ ခန္တီဝါဒီ ဓမ္မဝိဇယ |
| ပြုတ်ကျ တော့မယ်ဆို | သည်းခံခြင်းသည်ကသာ အောင်နိုင်ရာ |
| စစ်ဘီလူး ဂဏန်းတခုထွက် | ဘာညာသာရကာ |
| ထိုင် တွက်နေကြရင် | ခဏ သိမ်းဆည်း ထားလိုက်ပါ |
| စစ်ဘီလူး အရူးယတြာ | လက်ငင်း အခြေအနေ အရ |
| ထိုင် အဖြေရှာနေကြရင် | လိုနေတာက |
| စစ်ဘီလူး ဖင်တချက်ကုတ် | ငှက်ကြီးတောင်ဓား ထက်ထက်တလက်သာ ရှာ |
| တဘောင်တခုထုတ် နေကြရင် | |
| ဒီလိုပဲ စိတ်၏ဖြေရာ ရှာနေရုံနဲ့ | မျက်စိကိုဖွင့် ဦးနှောက်ကိုဖွင့် |
| ကျေနပ်နေကြမယ် ဆိုရင် | ဆင်ခြင်တုံတရားတွေ မြှင့်တင်ပစ်ကြ |
| အီစွတ်ပုံပြင်လို လွှက်ရည်ကို | အကြမ်းမဖက် လှုပ်ရှားဖို့ |
| ဖွန်းနဲ့ ခပ်တိုက်သလို ဖြစ်နေမှတော့ | ကြွေးကြော်တဲ့သူ သေချာလေ့လာပါ |
| အိုင်တီ ထိုင်ရီနေတော့ မပေါ့ | အကြမ်းမဖက် လှုပ်ရှားမှု ပိုစတာ |
| | ယူလာတဲ့သူ  သေချာလေ့လာပါ |
| အိုင်စတိုင်းက ကောက်ရိုးပုံဖွ | 'အကြမ်းမဖက် လှုပ်ရှားမှု ပိုစတာ' လား |
| ဗန်းမော်တင်အောင် သဘာဝသိပ္ပံစမ်းသပ် | ရဲဘော်ကို မလှုပ်မရှက် ချုပ်နှောင်ပစ်မဲ့ |
| ရဲဘော် ကျမှ | မမြင်ရတဲ့ လက်ထိပ်လား |
| နအဖ ဂမ္ဘီရ ခြေရာကောက်ရင်း အချိန်ကုန် ခံနေရင် | 'အကြမ်းမဖက် လှုပ်ရှားမှု ပိုစတာ' လား |
| ဒို့ ခေါင်းဆောင်လည်း ထောင်အကျဉ်းစံ | ရန်သူပြုသမျှ ငုံ့ခံရမဲ့ |
| နှစ်ထောင့်တဆယ် ကလည်း | အိပ်မွေ့ ချဆေးလား |
| ဒို့ ရင်ဝကို ပြေးကန်တော့မယ် | သေချာပြီဆို မြင်လာပြီဆို |
| | ခဏ ခေါက်သိမ်းထားလိုက်ပါ |
| ရဲဘော်ရေ | ဒါမှမဟုတ် |
| တရားကို 'နတ်'စောင့် သတဲ့လား | ဆွဲသာ ဆုတ်ဖြဲပစ်လိုက်ပါ |
| 'နတ်'သူဟာသူ စောင့်ပါစေ | |
| ရဲဘော် ထိုင်စောင့် မနေနဲ့ တော့ | ရဲဘော်ရေ |
| လုပ်စရာ ရှိတာလုပ်ဖို့ | အကြမ်းမဖက်လည်း |
| အချိန်တန်ပြီ | လက်ရဲဇက်ရဲ |
| လက်မြန်ခြေမြန် ဖြစ်ဖို့ | သတ်ပြရဲတဲ့ ရန်သူ |
| လိုလာပြီ | ခံလိုက်ရတာက ဒို့ လူ |
| ရွှေပေးလို့ မရတဲ့ အတွေ့ အကြုံ များစွာ | ဘယ်နိုင်ငံတွေ ဝင်ကူလို့ လဲ |
| ငွေပေးလို့ မရတဲ့ သွေးသင်ခန်းစာ | လူဖြစ်ရက်နဲ့ |

သိပ်ထူမနေနဲ့
ခဲမှန်ဘူးရင်
'စာ'သူငယ်တောင်
နှစ်ခါ အနာမခံဘူး

တခုတော့ရှိတယ်
သူက မစပဲ ကိုယ်က မစနဲ့
သူက စပြီဆို
ကိုယ်က လက်တုံ့ပြန် ရမယ်ဆိုတာ
ကေသရာဇာတို့ရဲ့ ထုံးစံ
ဥပေါသဝတို့ရဲ့ မာနဓါတ်ခံ

ရဲဘော်ရေ
ခေတ်သစ်တည်ဆောက်ဖို့
ဒင်းတို့ ပြောပြောနေတဲ့ အဖျက်အမှောင့်
စောက်ချလုပ်ကြ
ခေတ်သစ်တည်ဆောက်ဖို့
ဒင်းတို့ ခေါင်းမီးတောက်မဲ့
ဒင်းတို့ မကြိုက်တဲ့
(လူထုမထိခိုက်တဲ့) အဖျက်အမှောင့်
စောက်ချ လုပ်ကြ
ရန်သူ့အဆောက်အအုံ မှန်သမျှ
ဖြိုချမီးမြှိုက် လောင်တိုက်သွင်းကြ
ပြီးမှ မီးလောင်ပြင် တဝိုက်
စိုက်ချင်တဲ့ အလံ
စိုက်ကြပေတော့

ရဲဘော် အောင်ပွဲ သိမ်းပိုက်နိုင်စေသောဝ်။ ။

လင်းလက်ဇာနည်
၆ ဇွန် ၂၀၀၉